ပညာလာရောက်သင်ယူသူ သား သို့မဟုတ် သမီးသည် သင်၏ မိသားစုအတွင်းမှ အမေရိကန်ပြည်ထောင်စုသို့ ပထမဦးဆုံး ပညာလာရောက် သင်ယူသူ ဖြစ်ပါသလား။ ဤသို့ နိုင်ငံရပ်ခြားသို့ လာရောက်ပညာသင်ယူရခြင်းသည် စိတ်လှုပ်ရှားဖွယ် ဖြစ်ရပ်တစ်ရပ်ဖြစ်သည့်အလျောက် ပညာသင်ယူမည့် ကျောင်းသား/ကျောင်းသူနှင့် မိသားစုအနေဖြင့် လိုအပ်သည်များကို ပြင်ဆင်ခဲ့ပြီး အဆင့်မြင့် ပညာရေး သွားရောက်သင်ယူရမည့်နေရာ၊ မိသားစုအနေဖြင့် ထိုသို့သင်ယူရာမှ တတ်မြောက်လာရန် မျှော်လင့်ထားနိုင်သည့်အရာများနှင့် စပ်လျဉ်း၍ အကောင်းဆုံးဆုံးဖြတ်ချက်များကို ချမှတ်ခဲ့သည်ကို Simpson ကောလိပ်ရှိ ကျွန်ုပ်တို့က သိရှိနားလည်ပါသည်။

Simpson ကောလိပ်သည် ကျောင်းသားအားလုံးကို ၎င်းတို့၏ ပညာရေးအောင်မြင်မှုတွင် ကူညီပေးရန်အတွက် ပရိုဂရမ်များနှင့် ဝန်ဆောင်မှုများစွာကို ပံ့ပိုးပေးပါသည်။

1. **ပညာရေးဆိုင်ရာ အရင်းအမြစ်စင်တာ** - အခမဲ့ကျူရှင်သင်ယူခွင့်မှသည် သုတေသနဆိုင်ရာ လမ်းညွှန်ပေးမှုအထိ သင်၏ ပညာရေးခရီးတစ်လျှောက် အောင်မြင်မှုလမ်းကြောင်းအဆင့်တိုင်းအတွက် အထောက်အကူဖြစ်စေရန် ကျွန်ုပ်တို့စင်တာက အသင့်ရှိနေပါသည်

   ကျွန်ုပ်တို့သည် Simpson ကောလိပ်ကျောင်းသားများအားလုံးအတွက် ပညာရေးဆိုင်ရာ ပံ့ပိုးမှုဝန်ဆောင်မှုများကို ပေးဆောင်ပါသည်။ အထူးပြုမေဂျာအစုံ ပါရှိသည်။ GPA အဆင့်သတ်မှတ်ချက်အားလုံး တက်ရောက်နိုင်သည်။ ပညာရေးအဆင့်နှင့် စွမ်းဆောင်ချက်အမျိုးမျိုးနှင့် လိုက်လျောညီထွေရှိသည်။ မသန်စွမ်းမှုဆိုင်ရာ ဝန်ဆောင်မှုများရှာဖွေရာ၌သော်လည်းကောင်း၊ စာမေးပွဲအတွက် စာလေ့လာရန် ကူညီပေးမည့်သူ ရှာဖွေရာ၌သော်လည်းကောင်း၊ ဘာသာရပ်တစ်ရပ်ရပ်အတွက် ကျူရှင်ယူလို၍သော်လည်းကောင်း၊ ပညာရေးဆိုင်ရာ အကြံဉာဏ်ရယူလို၍သော်လည်းကောင်း၊ သုတေသနဆိုင်ရာ လမ်းညွှန်ချက်အတွက်သော်လည်းကောင်း အကူအညီလိုအပ်ပါက အကူအညီပေးရန် ကျွန်ုပ်တို့အဖွဲ့က အသင့်ရှိနေမည်ဖြစ်သည်။

2. **နိုင်ငံရပ်ခြား ပညာသင်ယူမှု** - ကမ္ဘာ့ ဘာသာစကားနှင့် ယဉ်ကျေးမှု လေ့လာသင်ယူမှု

   ယနေ့ခေတ် အလုပ်ရှင်များသည် ကမ္ဘာလုံးဆိုင်ရာ အမြင်ဖြင့် ရှုမြင်နိုင်ပြီး အခြားယဉ်ကျေးမှုများနှင့် တိုက်ရိုက်ထိတွေ့ဖူးသူများကို ရှာဖွေခန့်အပ်လိုကြသဖြင့် Simpson ကောလိပ်သည် ကျောင်းသားကျောင်းသူများအတွက် ထိုကဲ့သို့သော အတွေ့အကြုံများ ရရှိစေမည့် နိုင်ငံရပ်ခြား ပညာသင်ယူမှု အတွေ့အကြုံများ ပေးစွမ်းသော နေရာပင်ဖြစ်သည်။နိုင်ငံရပ်ခြားတွင် ပညာသင်ယူရခြင်း ဖြင့်၊ ကမ္ဘာကြီးအကြောင်း သိရှိနားလည်မှု တိုးပွားအောင် ဆောင်ရွက်နိုင်မည်၊ မိမိ၏ ယဉ်ကျေးမှုအပြင် အခြားယဉ်ကျေးမှုများကိုလည်း အသိအမှတ်ပြုတန်ဖိုးထားတတ်ရန် လေ့လာနိုင်မည်၊ မိမိ၏

ယဉ်ကျေးမှုကို အမြင်သစ်ဖြင့် ရှုမြင်တတ်လာမည်၊ အခြားဘာသာစကား တတ်ကျွမ်းမှု မြင့်မားလာအောင် ဆောင်ရွက်နိုင်မည်၊ မိမိကိုယ်ကိုယ် ယုံကြည်မှုလည်း တိုးပွားလာမည်။

နိုင်ငံခြားပညာသင်ကြားရေးပရိုဂရမ်အားလုံးကို Simpson ပါမောက္ခများက ဦးဆောင်ပြီး ၎င်းတို့၏မေဂျာမခွဲခြားဘဲ Simpson ကျောင်းသားအားလုံးအတွက် ဖွင့်လှစ်ထားသည်။

3. **ကျန်းမာရေးနှင့် အကြံပြုဆွေးနွေးမှု ဝန်ဆောင်မှုများ** - ကျောင်းသားကျောင်းသူများအတွက် အခမဲ့နှင့် လျှော့စျေးပေး ထုတ်ကုန်ပစ္စည်းများအပြင် ဝန်ဆောင်မှုများလည်း ရယူနိုင်ပါသည်။ ဤဝန်ဆောင်မှုများတွင် ရှေးဦးသူနာပြုစုမှုဆိုင်ရာ ဝန်ဆောင်မှုများ၊ ဖျားနာမှုနှင့် ထိခိုက်ဒဏ်ရာရမှု စစ်ဆေးပေးခြင်း၊ ကျန်းမာရေးပညာပေး သင်ထောက်ကူများ၊ အရင်းအမြစ်များအပြင် အခြားဝန်ဆောင်မှုများလည်း ပါဝင်ပါသည်။ Simpson ကောလိပ်၏ အကြံပြုဆွေးနွေးမှု ဝန်ဆောင်မှုပေး ရုံးခန်းသို့ ကျောင်းသားကျောင်းသူများ လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း သို့မဟုတ် ဗီဒီယိုခေါ်ဆိုမှုဖြင့် အကြံရယူဆွေးနွေးခြင်းဖြင့်လည်းကောင်း အကြံရယူဆွေးနွေးနိုင်ပါသည်။ အကယ်၍ သင်နေထိုင်ရာ ပတ်ဝန်းကျင်ရှိ ဝန်ဆောင်မှုများထံမှ အကြံရယူဆွေးနွေးလိုပါက ညွှန်းစာပေးပို့ခြင်းဖြင့် အထောက်အကူပြုရန်လည်း အသင့်ရှိနေပါသည်။
4. **ကျောင်းသား အထောက်အကူပြု ဝန်ဆောင်မှု (TRIO)** - ချို့တဲ့သော လူမျိုးစုများကို ထောက်ပံ့ရေးပေးခြင်း

   TRIO ကျောင်းသားကျောင်းသူ အထောက်အကူပြု ဝန်ဆောင်မှုဆိုသည်မှာ နိုင်ငံတွင်းအခြေချ ပထမမျိုးဆက်၊ ဝင်ငွေနည်းပါးသော ကျောင်းသားကျောင်းသူများ၊ မသန်စွမ်းသည့် ကျောင်းသားကျောင်းသူများကဲ့သို့ အစဉ်အလာအရ အဆင့်မြင့်ပညာရေး သင်ယူရာ၌ အခက်အခဲအတားအဆီး ကြုံတွေ့ရလေ့ရှိသည့် ချို့တဲ့သော လူမျိုးစုများအတွက် ပညာရေး အထောက်အပံ့၊ ယဉ်ကျေးဆိုင်ရာ ပွဲလမ်းများနှင့် တစ်ကိုယ်ရည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာတို့၌ အကူအညီပေးနိုင်ရန် စီစဉ်ရေးဆွဲထားသည့် နိုင်ငံတော်၏ အထောက်အပံ့ပေးရေး ပရိုဂရမ်တစ်ခုဖြစ်သည်။ ဤအစီအစဉ်အတွက် အကျိုးခံစားခွင့်များ စာရင်းအများအပြားရှိသည်။ ဝန်ဆောင်မှုများသည် ကျောင်းသားများအတွက် အခမဲ့ဖြစ်သော်လည်း လျှောက်ထားရမည်ဖြစ်သည်။

5. **ဘဏ္ဍာရေးဆိုင်ရာ အကူအညီနှင့် ကျူရှင်** - စိတ်အေးလက်အေး တက်ရောက်ပါ။ ဤကောလိပ်တွင် သင်ကျူရှင်လခ အပြည့် ပေးရန် မလိုပါ - ပူပင်စရာ မရှိပါ။

   Simpson ကောလိပ်တွင် တက်ရောက်နေသော ကျောင်းသားကျောင်းသူတိုင်းသည် $22,000 မှစတင်၍ ပေးအပ်သည့် ပညာတော်သင်ဆုများ လျှောက်ထားရယူရန် သတ်မှတ်ချက်နှင့် ကိုက်ညီပါသည်။ ဤသို့

ပေးအပ်ခြင်းမှာ ဤအစီအစဉ်၏ ကနဦးအဖွင့်ပင် ရှိပါသေးသည်။ လူတိုင်းတက်ရောက်နိုင်သည့် ကောလိပ်ဖြစ်စေရမည်ဆိုသည့် ကတိကဝတ်နှင့်အညီ SIMPSON PROMISE ကို ဖန်တီးရေးဆွဲခဲ့ပါသည်။ ယင်းကတိကဝတ်အရ သတ်မှတ်ချက်နှင့် ကိုက်ညီသော အိုင်အိုဝါပြည်နယ်နေ ကျောင်းသားကျောင်းသူများအတွက် (Siimpson ကောလိပ်၊ ပြည်နယ်၊ အစိုးရ ထောက်ပံ့ကြေးများနှင့် ပညာတော်သင် ထောက်ပံ့ငွေများ ထည့်သွင်းပြီး) ကျူရှင်စရိတ် အပြည့်ကို ပေးအပ်သွားမည်ဖြစ်သည်။ ဤပရိုဂရမ်များသည် သင့်ကလေး၏အနာဂတ်အတွက် အလွန်တန်ဖိုးရှိသည်။ Simpson ကောလိပ်သည် အိုင်အိုဝါပြည်နယ်အတွင်း ကောလိပ်မှ ကျောင်းသားဟောင်းများ ကျောင်းပြီးသွားသည့် တစ်နှစ်အတွင်း ဝင်ငွေရရှိမှု အဆင့် #1 ရှိနေသော ကောလိပ်တစ်ခုဖြစ်သည်။

နောက်ထပ်အရင်းအမြစ်များအတွက်၊ ဤဝဘ်ဆိုဒ်ကို ထည့်သွင်းစဉ်းစားပါ- ကောလိပ်အကြောင်း ပထမမျိုးဆက်မိဘများ သိထားသင့်သည့်အချက် ၅ ချက်

https://scholarshipamerica.org/blog/5-things-first-generation-parents-should-know-about-college/